မယ်ဇလီကျေးရွာ

မယ်ဇလီကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မယ်ဇလီကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
မယ်ဇလီ ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
မယ်ဇလီ ကျေးရွာ **ရာသီခွင်ပြ ပြကွဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂
(င) ကျန်းမာရေးနှင့် အာဟာရ ၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၃
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၄
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၄
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၄
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၅
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၅
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၆
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၆

(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၆
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၇
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၈
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၁၉
(ဂ) ဦးစားပေး စီမံချက်များ ၁၉
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၃
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၅

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၆
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၂၇
ရည်ညွှန်းချက်များ ၂၈
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၀
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို





အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မယ်ဇလီကျေးရွာ
မယ်ဇလီကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

မယ်ဇလီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- မယ်ဇလီကျေးရွာအရင်းအမြစ်ပြမြေပုံ - မယ်ဇလီကျေးရွာ၊ မယ်ဇလီကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	😐	😊	😐	😊	😐	😊	😟	😐	😊	😊	😐	😐
												
												
												
												
												
												
သီးနှံပိုးမွှားရောဂါ ကျရောက်မှု												
												
သဘာဝ ဘေးအန္တရာယ်												

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကျွန်တော်တို့ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ဝန်းသိုမြို့နယ်တွင် တည်ရှိပါသည်။ ဝန်းသိုမြို့ မှ ၅ မိုင် အကွာတွင် ရှိပြီး မြေမျက်နှာပြင်မှာ ပြေပြစ်ကာ သာသာယာယာရှိလှပါသည်။ ရွာ၏ ဘေးပတ်ဝန်းကျင်တွင် လယ်ကွင်းများ တည်ရှိပါသည်။ ရွာ၏ အနောက်ဘက်တွင် ထုံးဖြူဖြူတည်ထားသော စေတီတော်ကိန်းဝပ်ရာ တောင်တော်တစ်လုံးရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်း တည်ရှိပါသည်။ ရွာ၏ အနောက်ဘက်တွင် အိုးပြစ်ရွာနှင့် မြောက်ဘက်တွင် ကနဖော့ရာတို့နှင့် နီးစပ်စွာတည်ရှိနေပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ မယ်ဇလီကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် နွားစာနှင့် သဘာဝ ဆေးဘက်ဝင် အချို့အပင်များတွေ့ရသည်မှလွဲ၍ အခြားဓါတ်သတ္ထုနှင့် ကျောက်၊ သဲ၊ ကျောက်စရစ်များ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များမတွေ့ရပါ။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ မယ်ဇလီကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု ဦးရေ(၈၄)အိမ်ရှိပြီး ကျား(၁၉၆)ဦး၊ မ(၂၀၃)ဦး၊ စုစုပေါင် (၃၉၉)ယောက်ရှိပါသည်။ (၁)နှစ်အောက် ကလေးငယ် (၁၂)ယောက်ရှိပြီး ကျန်းမာရေးအသိပညာကြွယ်ဝ၍ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေး သောကြောင့် ကျန်းမာလျှက်ရှိပါသည်။ (၅)နှစ်အောက်ကလေး(၂၅)ယောက်မှာ ကျောင်းတက် နေကြပါပြီ အလယ်တန်းအရွယ်ကျောင်းသားများအားလုံးကျောင်းမတက်နိုင်ကြပါ။ စီးပွားရေး အဆင်မပြေမှုများကြောင့်ဖြစ်သည်။ အလုပ်လုပ်နိုင်သောအရွယ်များမှာ ကျန်းမာရေး မကောင်းသူ များမှလွဲ၍ ဝမ်းစာအတွက်အလုပ်လုပ်နေကြပါသည်။ (၆၅)နှစ်အထက်လူကြီးများတွင် ကျန်းမာရေး ကောင်းမွန်သူများမှာ မိသားစုကိုဝိုင်ဝန်းလုပ်ကိုင်ပေးနေပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ မယ်ဇလီကျေးရွာ၏ အဓိကမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများ အနည်းငယ်ရှိသည်။ ပန်းရန်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိပြီး ရောင်းဝယ်ရေးလုပ်ကိုင်သူများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုမ္ပဏီ များ တွင်လုပ်ကိုင်နေသူများလည်းရှိသည်။ လုပ်ခလစာဝင်ငွေများ အနေဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း များတွင် တစ်နေ့လုပ်အားခအနေဖြင့် ကျားမခွဲခြားခြင်းမရှိဘဲ တန်းတူအခွင့် အရေး ရရှိပါသည်။

ကျေးရွာအဆင့်အတန်းသတ်မှတ်မှုများအနေဖြင့် (၅)ဇကအထက်ပိုင်ဆိုင်၍ ရပ်ရွာ၏သာရေး၊ နာရေး၊ ဘာသာရေးများတွင် ထိပ်တန်းကထည့်ဝင်ရသောအိမ်ထောင်စုမှာ (၂၁)အိမ်ရှိ၍ အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြသည်။ အလယ်အလပ်အဆင့်ရှိသောအိမ်ထောင်စု(၂၂)ရှိပြီး ကြေးလတ်တန်း ထည့်ဝင်ရသော (၅)ဇကအောက် လယ်သမားများဖြစ်ကြသည်။ တတိယအဆင့်လယ်သမားများမှာ

ဧကပိုင်ဆိုင်မှု နည်းပါး၍ မပြေလည်သောအိမ်ထောင်စုထဲပါဝင်သည်။ ပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများကို ကြေးမခွဲပဲ စတုတ္ထအဆင့်တွင် ပါဝင်သည်။

မယ်ဇလီကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူပေါင်း (၁၁)ဦးရှိပါသည်။ လူနေမှုဘဝမြင့်မားရန်အတွက် အလုပ်လုပ်ဖို့သွားရောက်ခြင်းဖြစ်ပြီး ပညာရေးအတွက် ကျောင်းတက်နေသူများဖြစ်သည်။ ရွှေ့ပြောင်းသွားလာနေထိုင်သူများသည် မိမိတို့ဘဝအတွက် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်သည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ များပြန်ပို့ငွေကို ဘဏ်စနစ်ဖြင့် လွှဲပြောင်းပေးပို့ကြသည်။ မှီခိုနေရသော အိမ်ထောင်စုမှာ (၆)ဦးအထိရှိ၍ အလည်အလတ်ထဲ တွင်ပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျေးရွာတွင် စီးပွားရေးအခြေအနေပေါ်မူတည်၍ စီးပွားရေး အဆင့်အတန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာ၏ ထိခိုက်နစစ်နာလွယ်မှုအနေဖြင့် မိုးရာသီတွင် မိုးများသောကြောင့် ရေကြီး၍ လယ်မြေဧကများဆုံးရှုံးရသည်။ အချို့လယ်သမားများမှာ စပါးပင်မကျန်အောင်ဆုံးရှုံးကြသည်။ ဓာတ်မြေဩဇာများ၊ ဆေးဝါးများသုံးစွဲရ၍ မြေဆီလွှာပျက်ယွင်းမှုရှိသည်။ လောင်စာအဖြစ် ထင်းအသုံးပြု သောကြောင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိသည်။ ရာသီအကူးအပြောင်းနှင့် ခြင်များကြောင့် ငှက်ဖျားရောဂါများဖြစ်ပွားကြသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမှာ အနည်းငယ်ရှိသည်။ ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူအနည်းငယ်ရှိသည်။ လက်လုပ်လက်စား ကျပန်းလုပ်ကိုင် နေသူများအနည်းငယ်ရှိပြီး ရာသီအလိုက်လုပ်ငန်းများတွင် ဝမ်းစာရေးအတွက် လုပ်ကိုင်ကြသည်။ ကားမောင်း၍ အသက်မွေးဝမ်းကြောင်းပြုသူများအနည်းငယ် ရှိသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ ကျွန်တော်တို့ မယ်ဇလီကျေးရွာတွင် မူလတန်း အဆင့် ကျောင်းနေမှု အခြေအနေတွင် ရာနှုန်းပြည့်တက်ရောက်နိုင်ပြီး အလယ်တန်း အဆင့်တွင် ကျောင်းနေမှုရာခိုင်နှုန်းများ ထက်ဝက် ကျော်လောက်လျော့ကျသည်ကိုတွေ့ရပါသည်။ ထိုနည်းတူအထက်တန်းတက်ရောက်မှုတွင်လည်း ထက်ဝက် ကျော်ကျဆင်းနေပါသည်။ ကျဆင်းရခြင်းမှာ မိသားစုစားဝတ်နေရေးအဆင်မပြေမှုများ အိမ်တွင်လုပ်လူမရှိခြင်းနှင့် ကျောင်းသား တစ်ယောက်၏ကုန်ကျမှုမြင့်မားခြင်းကြောင့် ကျောင်းနေမှု ကျဆင်းရခြင်းဖြစ်ပါသည်။ ကျေးရွာ၏ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်းသား (၂၈)ဦး၊ အလယ်တန်း ကျောင်းသား (၂၉)ဦး၊ အထက်တန်း(၁၁)ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ(၃)ဦးရှိပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့မယ်ဇလီကျေးရွာတွင် ရာသီအကူးအပြောင်းနှင့် ခြင်များကြောင့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါများဖြစ်ကြသည်။ အစားအသောက်အနေအထိုင်များကြောင့် ဆီးချို၊ သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိသည်။ ကျန်းမာရေးဌာနမှ မွေးကင်းစ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ကြက်ညှာနှင့် မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်ကာလအတွင်း ထိုးနှံပေးမှုများရှိပါသည်။ ကျွန်တော်တို့ ကျေးရွာသည် ကျန်းမာရေးအတွက်(၁)မိုင်ခန့်ဝေးသော ပိန္နဲကုန်း ကျေးလက်ဆေးပေးခန်းသို့

သွားရောက်ရသည်။ ကိုယ်ဝန်ဆောင်များ၊ ကလေးမိခင်များ ရှုံ့နှံတောထဲမှသွားကြရသည်။ ဆရာ၊ ဆရာမ မလုံလောက်၍ရွာသို့မ လာနိုင်ပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ မယ်ဇလီကျေးရွာတွင် ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းအချို့တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ကြသည်။ သာရေး၊ နာရေး၊ ဘာသာရေးများတွင် ပါဝင် ဆောင်ရွက်သည်။ ကျေးရွာအတွက် အထောက်အကူပြု သင်တန်း များလည်း တက်ကြသည်။ အသိပညာ ပေးဟောပြောပွဲများလုပ်ခြင်းကြောင့် အမျိုးသမီးများ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများလူထု၏အသိအမြင်ကြွယ်ဝသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ မယ်ဇလီကျေးရွာတွင် ဘာသာရေးအဖွဲ့ရှိပြီး အဖွဲ့ဝင်(၁၅)ယောက်ရှိပါသည်။ သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် ကျေးရွာ၏သာရေး၊ နာရေးများတွင် ပါဝင်လုပ်ဆောင်ကြသည်။ မီးကော်မတီ၏ လုပ်ဆောင်ချက်မှာ အသင့် အတင့်သာ ရှိသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ မယ်ဇလီကျေးရွာတွင် လယ်မြေဧကပေါင်း (၃၃၃.၅၈)နှင့် ယာမြေဧကပေါင်း (၁၁၇.၉၂)ဧကရှိပါသည်။ ဥယျာဉ်ခြံမြေ (၁.၂၈)ဧကရှိ၍ စုစုပေါင်း(၄၄၂.၇၈)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ သင့်တင့်ရုံရှိပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စု(၂၂)စုရှိသည်။ (၂.၅)ဧကအောက်ပိုင် ဆင်းရဲသား တောင်သူ(၅)ဦးရှိသည်။ (၅)ဧကကြားပိုင်ဆိုင်သော တောင်သူငယ်(၁၃)ဦးရှိပြီး (၁၂.၅)ဧကအောက် ပိုင်တောင်သူလတ်(၃၈) ရှိသည်။ ၁၂.၅ ဧကအထက်ပိုင်တောင်သူကြီးမှာ (၆)ဦးသာရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေအရင်းအမြစ်အတွက် ရေသွင်းမြောင်းများရှိသော်လည်း ရာသီအလိုက်သာ သုံးစွဲနိုင်သည်။ တစ်နှစ်ပတ်လုံးမသုံးစွဲနိုင်ပါ။ ချောင်းငယ်မှရေကိုသာသုံးစွဲနိုင်သည်။ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ လယ်လုပ်စရိတ်မြင့်မားခြင်း၊ ဓာတ်မြေဩဇာ သုံးစွဲရမှုများခြင်းနှင့် အချိန်မီပြီးစီးနိုင်ရန် စက်ကိရိယာများငှားရမ်းရခြင်းတို့ကြောင့် အကုန်အကျ များသည်။ သွင်းအားစုများနှင့် အထွက်နှုန်းယှဉ်လိုက်လျှင် အမြတ်ရရှိမှုနည်းပါသည်။

ကျေးရွာ၏ လယ်ယာသုံးပစ္စည်းများအနေဖြင့် လက်တွန်းထွန်စက်(၁၉)လုံး၊ ခွေလှေ့စက်(၁)၊ ရေစုပ်စက်(၂၆)လုံးနှင့် မြက်ရိတ်စက်(၁၄)လုံးရှိပါသည်။ ငှားရမ်းလုပ်ကိုင်နေရသော တောင်သူ အရေအတွက် များပြားသည်။

မယ်ဇလီကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထားမှာ ကောင်းမွန်ပါသည်။ ကောင်းစွာ စိုက်ပျိုးနိုင်သည်။ ရေအရင်းအမြစ်မှာလည်းပေါများသည်။ သီးနှံမျိုးစေ့လည်း အလွယ်တကူ ဝယ်ယူနိုင်သည်။ မြေဩဇာလည်းလွယ်ကူစွာဝယ်ယူနိုင်သည်။ လုပ်သား၊ နည်းပညာများ အလွယ်တကူရနိုင်သည်။ စျေးကွက်လည်းရှိသည်။ သို့သော်လည်း သီးနှံများအတွက် ဖျက်ပိုးနှင့် ရောဂါကျရောက်မှုအနည်းငယ်ရှိသည်။

ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်နိုင်ရန် နွားများမွေးမြူထားကြသည်။ တပိုင်တနိုင်ဝက်မွေးမြူရေးနှင့် စီးပွားရေးအတွက် ကြက်မွေးမြူရေးလုပ်ငန်းများလည်းရှိသည်။ စားကျက်မြေနှင့် ရေရှိမှုအလုံအလောက်ရှိသည်။ တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်များ အလွယ်တကူ ဝယ်ယူ၍မရပါ။ သွင်းအား စုများ လွယ်ကူစွာဝယ်ယူနိုင်ပြီး နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှု များရနိုင်သည်။ ထုတ်ကုန်များကိုလည်း စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်။ အိမ်ခြံဝင်း မြေနေရာအလုံအလောက်ရှိသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အလုပ်အကိုင်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများရှိပါသည်။ အလှပြင်လုပ်ငန်းလုပ်ကိုင်သူများ ၊ အရောင်းအဝယ်လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာတွင် ကျွမ်းကျင်လုပ်သားများလည်းရရှိနိုင်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ မယ်ဇလီကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူပေါင်း (၁၁)ဦးရှိပါသည်။ လူနေမှုဘဝမြင့်မားရန်အတွက် အလုပ်လုပ်ဖို့သွားရောက်ခြင်းဖြစ်ပြီး ပညာရေးအတွက် ကျောင်းတက်နေသူများဖြစ်သည်။ ရွှေ့ပြောင်းသွား လာသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်သည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်များပြန်ပို့ငွေကို ဘဏ်စနစ်ဖြင့် လွှဲပြောင်းပေးပို့ကြသည်။ မှီခို နေရသော အိမ်ထောင်စုမှာ (၆)ဦးအထိရှိ၍ အလည်အလတ်ထဲ တွင်ပါဝင်သည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ကျွန်တော်တို့ကျေးရွာသည် ဒေသထွက်ကုန် ရောင်းချရန်နှင့် အိမ်သုံးပစ္စည်းများ ဝယ်ယူရန်(၅)မိုင်ဝေးသော ဝန်းသိုသို့သွားရသည်။ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားကြရသည်။ ပမာဏများများဝယ်ယူရန်နှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရန် ကောလင်းမြို့သို့သွားရသည်။ (၆)မိုင်ခန့်ဝေးသဖြင့် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ မယ်ဇလီကျေးရွာ တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ကျပ်နှင့် ကာလတိုချေးငွေပေးသည်။ ငွေချေးယူရာတွင် ဘဏ်စာအုပ်၊

လယ်ယာကဒ်များလိုအပ်သည်။ သမဝါယမချေးငွေလည်းရှိသည်။ ကာလတိုငွေချေး ငွေလည်းဖြစ်ပြီး (၆)လတစ်ကြိမ်ပြန်ဆပ်ရ သည်။ အတိုးနှုန်းမှာ (၁%)ဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာ၏ စိုက်ပျိုးရေး အရင်းအမြစ်တွင် မိုးရာသီတွင် မိုးများသောကြောင့် ရေကြီး၍ လယ်မြေကောင်းများဆုံးရှုံးရသည်။ အချို့လယ်သမားများမှာ စပါးပင်မကျန်အောင်ဆုံးရှုံးကြသည်။ ဓာတ်မြေဩဇာများ၊ ဆေးဝါးများသုံးစွဲရ၍ မြေဆီလွှာပျက်ယွင်းမှုရှိသည်။ လောင်စာအဖြစ် ထင်းအသုံးပြု သောကြောင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိသည်။ ရာသီအကူးအပြောင်းနှင့် ခြင်များကြောင့် ဂွက်ဖျားရောဂါများဖြစ်ပွားကြသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမှာ အနည်းငယ်ရှိသည်။

နှစ်စဉ်အထွက်တိုးစေရန် မြေဆီဩဇာအလွန်အကျွံသုံးစွဲမှုများရှိခြင်း ပိုးသတ်ဆေးများ သုံးစွဲမှု နည်းမမှန်ခြင်းများကြောင့် မြေဆီဩဇာအခြေအနေများ အခက်အခဲရှိမှုများ ရှိပါသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ မယ်ဇလီကျေးရွာတွင် မူလတန်းကျောင်းဖြစ်ပြီး ဆရာ၊ ဆရာမပေါင်း(၆)ယောက်ရှိပါသည်။ စုစုပေါင်းကြမ်းခင်းဧရိယာ (၁၂၈၀)ရှိသည်။ အမိုး၊ နံရံများကောင်းမွန်သော်လည်း အခင်းများမကောင်းပါ။ ကျောင်းအာဟာရ တိုက်ကျွေးမှုများရှိသည်။ ကျောင်းဧရိယာမှာ အနည်းငယ်ကျဉ်းသည်။ မူလတန်းပညာရေးပြီးဆုံးလျှင် ပိန္နဲကုန်း အထက(ခွဲ)သို့ သွားရောက်သင်ကြားကြရသည်။

ကျောင်းဆရာမလုံလောက်စွာရှိသည်။ ဆရားတပည့်အချိုးမှာ ၄၀:၁ အောက်ရှိသည်။ မူလတန်းကျောင်းထွက်နှုန်းမရှိပါ။ အလယ်တန်းရောက်မှသာ ငွေကြေး အခက်အခဲကြောင့် မတက်နိုင်သူများရှိပါသည်။ မိဘဆရာအသင်း၏ ထောက်ပံ့မှုမှာလည်း အသင့်အတင့်ရှိသည်။

ကျန်းမာရေးကဏ္ဍတွင် ရာသီအကူးအပြောင်းနှင့်ခြင်များကြောင့် ဂွက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ကြသည်။ အစားအသောက်အနေအထိုင်များကြောင့် ဆီးချို၊ သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိသည်။ကာကွယ်ဆေးထိုးနှံမှု အနေဖြင့် ကြက်ညှာနှင့် မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်ကာလအတွင်း ထိုးနှံပေးမှုများရှိပါသည်။

ကျန်းမာရေးအတွက်(၁)မိုင်ခန့်ဝေးသော ပိန္နဲကုန်း ကျေးလက်ဆေးပေးခန်းသို့သွားရောက်ရသည်။ ကိုယ်ဝန်ဆောင်များ၊ ကလေးမိခင်များ ရှုံ့နွံတောထဲမှသွားကြရသည်။ ဆရာ၊ ဆရာမ မလုံလောက်၍ရါသို့မလာနိုင်ပါ။

မယ်ဇလီကျေးရွာတွင် ရေတွင်းပေါင်း(၈၄)တွင်ရှိသည်။ နွေ၊ မိုး၊ ဆောင်း(၃)ရာသီသုံးစွဲနိုင်သည်။ ရွာထဲရှိမွေးမြူရေးလုပ်ငန်းများကြောင့် ရေသန့်ရရှိမှုနည်းပါးသည်။

စုစုပေါင်းယင်လုံအိမ်သာ(၇၈)လုံးရှိသည်။ ရေဆွဲအိမ်သာ (၁)လုံးရှိသည်။ အခြားသုံးစွဲမှုများမရှိပါ။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ ကျေးရွာ၏ ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးသုံးစွဲနိုင်သော်လည်းကားများသွားလာမှုများကြောင့် ချိုင့်ခွက်များဖြစ်နေသည်။ မယ်ဇလီရွာ၏တံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး ၁၆×၆×၁ ပေရှိသည်။ တစ်နှစ်ပတ်လုံးသုံးစွဲနိုင်သည်။

မယ်ဇလီကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအနေဖြင့် ကိုယ်ထူကိုယ်ထမဟာဓာတ်အားလိုင်းရှိပြီး သုံးစွဲနိုင်သူအိမ်ထောင်စု(၈၁)ရှိပါသည်။ ဆိုလာသုံးစွဲသူ(၂)အိမ်ရှိပြီး အသုံးမပြုနိုင်သူ(၁)ဦးရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးနှင့်ပတ်သက်၍ ဖုန်းသုံးစွဲသူ (၁၄၄)ရှိပါသည်။ သတင်းအချက်အလက်များကြည့်နိုင်ရန်၊ အနားယူအပမ်းဖြေရန် တီဗွီ(၇၆)လုံးနှင့် စလောင်း(၇၄)ခုရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ကျေးရွာရှိ လူငယ်မောင်မယ်များသည် လူမှုရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် အားတက်သရော လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လည်း အမျိုးသား၊ အမျိုးသမီးများပါဝင်ဆောင်ရွက်ကြသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ကျစေရန် နွေရာသီ၌မီးဘေးကြို တင်ကာကွယ်ဆောင်ရွက်ပါသည်။ မှုခင်းများကာကွယ်တားဆီးလျော့ချရေးအတွက် ရုံးဌာနများမှ အသိပညာရေး ဟော ပြောပွဲများပြုလုပ်ပေးသည်။ မယ်ဇလီကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့် အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် သဲကြမ်းများလည်း ရရှိနိုင်သည်။ ကျောင်းကော်မတီနှင့် မိဘဆရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ငွေကြေးမပြည့်စုံခြင်း ဌာနဆိုင်ရာချိတ်ဆက်မှုအားနည်းခြင်းတို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်စေရန် အဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ အခါအားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ကျေးရွာတွင်းလမ်းများကောင်းမွန်အောင်ဆောင်ရွက်ရန်၊
က၊၂) ကွန်ကရစ်မီးတိုင်များပြောင်းလဲဆောင်ရွက်ရန်နှင့် လျှပ်စစ်မီးလိုင်းများတိုးချဲ့ဆောင်ရွက်ရန်၊
က၊၃) သန့်ရှင်းသော သောက်သုံးရေရရှိရန်ဆောင်ရွက်ရန်၊
က၊၄) လယ်ယာမြောင်းများအား ပြုပြင်ဆောင်ရွက်ရန်၊

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာရှိရွာတွင်းလမ်းများကောင်းမွန်လာစေရန်၊ သောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

(၂) စိုက်ပျိုးရေမြောင်းများကောင်းမွန် ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။

(၃) လျှပ်စစ်မီးလိုင်းများတိုးချဲ့ဆောင်ရွက်ရန်၊ ကွန်ကရစ်မီးတိုင်များ အစားတိုးနိုင်ရန် ဆောင်ရွက် သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ ဝန်ထမ်းများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ရွာတွင်းလမ်းများပြုပြင်ခြင်း	၁၀၀	၁		
	၂။ စက်ရေတွင်းတူးဖော်ခြင်း	၉၅	၂		
	၃။ လျှပ်စစ်ကွန်ကရစ်တိုင်ပြောင်းလဲခြင်းနှင့် မီးလိုင်းများ တိုးချဲ့ဆောင်ရွက်ခြင်း	၈၄	၃		
	၄။ စာကြည့်တိုက်ဆောက်လုပ်ခြင်း	၆၅	၆		
	၅။ ရေကန်ပြုပြင်ဆောင်ရွက်ခြင်း	၆၃	၇		
၂။ စိုက်ပျိုးရေး	၆။ စိုက်ပျိုးရေး ရေမြောင်းများပြုပြင်ခြင်း	၈၂	၄		
၃။ပညာရေး	၇။ ကျောင်းဆောင်ဧရိယာ တိုးချဲ့ခြင်း	၇၅	၅		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစား ပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရွာတွင်းလမ်းပြုပြင်ခြင်း	၁		✓			
၂	စက်ရေတွင်းတူးဖော်ခြင်း	၂			✓		
၃	လျှပ်စစ်ကွန်ကရစ်တိုင်ပြောင်းလဲခြင်း နှင့် မီးလိုင်းများတိုးချဲ့ခြင်း	၃			✓		
၄	စိုက်ပျိုးရေး ရေမြောင်းများပြုပြင်ခြင်း	၄			✓		
၅	ကျောင်းဆောင်ဧရိယာတိုးချဲ့ခြင်း	၅				✓	
၆	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၆				✓	
၇	ရေကန်ပြုပြင်ဆောင်ရွက်ခြင်း	၇				✓	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံး ငွေရင်း	စွမ်းဆောင် ရည် မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းပြုပြင်ခြင်း			✓		
၂	စက်ရေတွင်းတူးဖော်ခြင်း			✓		
၃	လျှပ်စစ်ကွန်ကရစ်တိုင်ပြောင်းလဲခြင်း နှင့်			✓		

	မီးလိုင်းများတိုးချဲ့ခြင်း					
၄	စိုက်ပျိုးရေး ရေမြောင်းများပြုပြင်ခြင်း			✓		
၅	ကျောင်းဆောင်ဇရိယာ တိုးချဲ့ခြင်း			✓		
၆	စာကြည့်တိုက်ဆောက် လုပ်ခြင်း			✓		
၈	ရေကန်ပြုပြင်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး

လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့

အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
